ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# ရခိုင်ပြည်၏ လက်ရှိသဘာဝဘေးအန္တရာယ်ကျရောက်နေမှုအခြေအနေအပေါ် ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC) မှ ထုတ်ပြန်ကြေညာချက်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်

၂၀၁၅ ခုနှစ်၊ ဇွန်လတွင် မုတ်သုံမိုးများ စဉ်ဆက်မပြတ် ရွာသွန်းခဲ့ပြီး ရခိုင်ပြည်၏တောင်ပိုင်းမြို့နယ်များဖြစ်သော တောင်ကုတ်၊ သံတွဲ၊ ကျောက်ဖြူ၊ အမ်း မြို့နယ်များတွင် ရေးလွှမ်းမိုးမှုများ ကြီးမားစွာဖြစ်ပွားခဲ့ရာ သေဆုံး (၅) ဦး နှင့် ရေဘေးဒုက္ခသည်များ စုစုပေါင်းအရေအတွက် (၁၃,၀၀၀) ဦး ရှိခဲ့ရာ ယနေ့ထိတိုင် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ပြုပြင် ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေရဆဲဖြစ်ပါသည်။ ယခုဇူလိုင်လအတွင်း၌လည်း မုတ်သုံမိုးများ ဆက်လက်ရွာသွန်းကာ မုန်တိုင်းများ တိုက်ခတ်ခဲ့မှုတို့ကြောင့် ရခိုင်ပြည်၏မြောက်ပိုင်းမြို့နယ်များဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောမြို့နယ်များမှာ ရေးလွှမ်းမိုးမှုများဖြစ်ပေါ်လျှက် ရှိနေပါသည်။ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်တို့မှာ ပိုမိုဆိုးဝါးစွာ ထိခိုက် ပျက်စီးဆုံးရှုံးမှုများ ခံစားနေရကြရပြီး၊ တဖက်မှာလည်း တိုမန်ဆိုင်ကလုန်း (Cyclone Tomen) တိုက်ခိုက်ဒဏ်ကြောင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် နှင့် စစ်တွေမြို့နယ်တို့တွင် အိုးအိမ် များစွာပျက်စီးခြင်းကို ခံစားကြရပါသည်။ နောက်ဆုံးရသတင်းများအရ သေဆုံး (၂၂)ဦး၊ ပျောက်ဆုံး (၁၉)ဦးနှင့် ဒုက္ခသည် ခန်းမှန်းခြေဦးရေ (၃၀,၀၀၀)ကျော် ရှိနေပါသည်။ ဤသို့ဖြစ်ပျက်နေသော ရေကြီးရေလျှံခြင်း နှင့် မုန်တိုင်းတိုက်ခတ်ခြင်း သဘာဝဘေးဆိုးများကြောင့် ထိခိုက်ခံစားရသော ပြည်သူများအတွက် လွန်စွာ စိုးရိမ်မကင်း ဖြစ်မိပါသည်။

ဒေသခံလူမှုအသင်းအဖွဲ့အစည်းများအနေဖြင့် တတ်စွမ်းသရွေ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးလျှက်ရှိသည်ကိုလည်း တွေ့မြင်နေရပါသည်။ သို့ရာတွင် သဘာဝဘေးအန္တရာယ်မှာ ကြီးမားကျယ်ပြန့်သောကြောင့် အရေးပေါ်ကူညီကယ်ဆယ်ရေးများမှာ ဒေသခံအဆင့် ကိုယ်ထူကိုယ်ထဖြင့် မနိုင်မနင်း ဖြစ်လျှက် ရှိနေပါသည်။

အုပ်စိုးသူ အာဏာရှင်အစိုးရအဆက်ဆက်တွင် သဘာဝဘေးအန္တရာယ်မှ ကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ ထိခိုက်ခံစားရသော နယ်မြေဒေသနှင့် လူထုအပေါ် လုံလောက်သော အရေးယူဆောင်ရွက်မှုများကို အချိန်နှင့်တပြေးညီ လုပ်ဆောင်နိုင်မှု မရှိခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ကုစားမှု (Natural Disaster Management) ၊ အရေးပေါ် တုန့်ပြန်မှုယန္တရား (Emergency Response Mechanism) မရှိခြင်းတို့ကြောင့် မဖြစ်သင့် မဖြစ်ထိုက်သောအခြေအနေဆိုးများ ပေါ်ပေါ်ခဲ့ရဖူးပါသည်။ ဥပမာအားဖြင့် အစောဆုံးကာလများ၌ ပေါ်ပေါက်ခဲ့သည့် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော နာဂစ်ဆိုက်ကလုန်းမုန်တိုင်း နှင့် ၂၀၀၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဂီရိဆိုက်ကလုန်းမုန်တိုင်းတို့မှာ ယူတတ်လျှင် တိုင်းပြည်အတွက် သင်ခန်းစာကောင်းများပင် ဖြစ်ပါသည်။

နာဂစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် သမ္မတဖြစ်လာသော ဦးသိန်းစိန်အစိုးရလက်ထက်တွင်လည်း ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်နေသည် ဆိုသော်ငြားလည်း ယခင်ကဲ့သို့ လုံလောက်သော အရေးယူဆောင်ရွက်မှုများကို အချိန်နှင့်တပြေးညီ လုပ်ဆောင်နိုင်မှု မရှိခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ကုစားမှု (Natural Disaster Management) ၊ အရေးပေါ် တုန့်ပြန်မှုယန္တရား (Emergency Response Mechanism) မရှိခြင်းတို့ကြောင့် ဒေသခံလူထုအရေးမှာ လွန်စွာစိုးရိမ်ဖွယ်ရာအခြေအနေတွင် ရှိနေပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် ထိရောက်သောအရေးယူဆောင်ရွက်မှုများ အချိန်မီ လုပ်ဆောင်ပေးပါရန် လေးနက်စွာ အကြံပြုတိုက်တွန်းပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း ရခိုင်ပြည်တွင် လက်ရှိဖြစ်ပွားနေသော ရေဘေး လေဘေး ဒုက္ခသည်များအတွက် အရေးပေါ်ကူညီ ကယ်ဆယ်ရေးများကို အမြန်ဆုံးနည်းလမ်းဖြင့် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌာနချုပ်၊ ထိုင်း-မြန်မာနယ်စပ်

ဆက်သွယ်ရန်ဖုန်း

+ ၆၆ (၀) ၈၈ ၁၄၅ ၀၃၆၆